## (၂) အာလူးစောပင်နာကျရောဂါ (Early blight)

**ရောဂါဖြစ်စေသောသက်ရှိ - *Alternaria solani* Sorauer**

**ရောဂါလက္ခဏာ**

အရွက်ရင့်များပေါ်တွင် ဗဟိုတူစက်ဝိုင်းရစ်များပါသော ညိုမဲရောင်အကွက်များ ကို တွေ့ရ သည်။ ပထမဆုံး ရောဂါလက္ခဏာမှာ သေးငယ် ၍ မည်းနက်သော အကွက်များ အား အရွက်ဟောင်းများပေါ်တွင် ဖြစ်ပေါ် သည်။ ရောဂါကွက်သည် ကြီးမား ကျယ်ပြန့်လာပြီး အရွက်တစ်ခုလုံးသည် ဆဲလ်သေကွက်များဖြစ်လာကာ အရွယ် မတိုင်မီ ကြွေကျခြင်း ကို ဖြစ်စေသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- ပင်ကြွင်းပင်ကျန်များကို စုပုံမီးရှို့ပါ။
- အာလူးဥများကို ကောင်းစွာရင့်မှ တူးဖော်ပါ။ တူးဖော်ရာတွင် အနာတရ မဖြစ်အောင် ဂရုစိုက်ပါ။
- အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်းအသုံးပြုပါ။
  Mancozeb (မန်ကိုဇက်)၊ Iprodione (အိုင်ပရိုဒီရုန်း)၊ Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Difenoconazole (ဒီဖီနိုကိုနာဇိုး)